SWIS-H
STATEWIDE INFANT
SCREENING - HEARING

# ကိုယ့်ကလေးကို ခွဲခြမ်းစိတ်ဖြာ အကဲဖြတ်ချက် ပြုလုပ်ဖို့ ဘာကြောင့် လိုအပ်တာလဲ



သင့်ကလေးဟာ ပထမဆုံးပြုလုပ်တဲ့ အကြားအာရုံစစ်ဆေးမှုနှစ်ခုမှာ ရှင်းလင်းတဲ့ ရလာဒ် မရဘူးဆိုရင် ခွဲခြမ်းစိတ်ဖြာ အကဲဖြတ်ချက် ပြုလုပ်ပေးဖို့ လိုအပ်လာပါတယ်။

အဲဒီလိုပြုလုပ်ဖို့ လိုအပ်တဲ့ အကြောင်းတွေ များစွာရှိပါတယ်။

ဒါတွေကတော့

- မွေးဖွားပြီးတဲ့အချိန်မှာ အရည် သို့မဟုတ် တစ်ခုခု သင့်ကလေး နားထဲမှာ ပိတ်ဆို့နေလို့ ဖြစ်နိုင်ပါတယ်။
- သင့်ကလေးဟာ အတိုင်းအတာတစ်ခုအထိ အကြားအာရုံချို့ယွင်းနေလို့လဲ ဖြစ်နိုင်ပါတယ်။

သင့်ကလေး ဘယ်လောက်အကြားအာရုံ ကောင်းသလဲဆိုတာ တတ်နိုင်သမျှအမြန်ဆုံး စစ်ဆေးကြည့်ဖို့လိုပါတယ်။ အဲဒါမှ သင်နဲ့ သင့်ကလေးဟာ မှန်ကန်တဲ့ အကြံပြုချက်နဲ့ အထောက်အပံ့တွေ ရနိုင်မှာဖြစ်ပါတယ်။

သင့်ကိုလွှဲပြောင်းပေးတဲ့ ဆေးရုံဟာ သင်နေတဲ့နေရာနဲ့ ကီလိုမီတာ ၁၀၀ ကျော် ဝေးတယ်ဆိုရင် အခုဒီစာစောင်ပေးတဲ့သူကို SWIS-H ခရီးသွားအကူအညီအစီအစဉ် အကြောင်း သတင်းအချက်အလက်တွေ မေးမြန်းပါ။

## ခွဲခြမ်းစိတ်ဖြာ အကဲဖြတ်ချက် ပြုလုပ်ရင် ဘာတွေဖြစ်မလဲ

သင့်ကလေးဘယ်လောက် ကြားရတယ် ဆိုတဲ့အကြောင်း အသေးစိတ် အချက်အလက်တွေ ရရှိဖို့ စမ်းသပ်ချက် အများအပြား ပြုလုပ်ပါလိမ့်မယ်။

အကြားအာရုံစမ်းသပ်မှုဆိုင်ရာ ကျွမ်းကျင် ပညာရှင်က စမ်းသပ်မှုကို ပြုလုပ်မှာဖြစ်ပါတယ်။ ဒီစမ်းသပ်အကဲဖြတ်မှု အတွက် အခကြေးငွေ ပေးဖို့မလိုပါဘူး။

ဘယ်စမ်းသပ်စစ်ဆေးမှုကမှ သင့်ကလေးကို မထိခိုက်စေနိုင်ပါဘူး။

## အကဲဖြတ်မှုအတွက် ကလေးကို ဘာတွေပြင်ဆင်ထားပေးရမလဲ။

စမ်းသပ်စစ်ဆေးနေတဲ့အချိန်မှာ သင့်ရဲ့ကလေး အိပ်ပျော်နေတာ အကောင်းဆုံးပါပဲ။ အဲဒါကြောင့် နဲနဲစောစောရောက်တာ ကောင်းပါတယ်။ ကလေးကိုနို့တိုက်ဖို့နဲ့ အိပ်ပျော်သွားအောင် သိပ်ဖို့ အချိန်ရတာပေါ့။

သင့်မှာတစ်ခြားကလေးတွေ ရှိသေးရင် သူတို့ကို အိမ်မှာထိန်းဖို့ တစ်ယောက်ယောက် ထားခဲ့ပါ။ အဲဒါမှ အကဲဖြတ်မှုပြုလုပ်နေတဲ့ တစ်ချိန်လုံး ကလေးနဲ့အတူ နေဖို့အချိန်ရမှာပါ။ ပါတ်ဂန်းကျင်က တိတ်ဆိတ်နေဖို့ လိုပါတယ်။

ခွဲခြမ်းစိတ်ဖြာအကဲဖြတ်ချက်မှာ စမ်းသပ်စစ်ဆေးမှုတွေ အများကြီးပါဝင်တဲ့ အတွက် ချိန်းထားတဲ့အချိန်ပေါ်မူတည်ပြီး တစ်မနက်ခင်းလုံး ဒါမှမဟုတ် တစ်နေ့ခင်းလုံး အားလပ်အောင် စီစဉ်ထားပါ။ သင့်ကိုကူညီဖို့ နောက်တစ်ယောက်လောက် ခေါ်လာနိုင် ပါတယ်။

## ခွဲခြမ်းစိတ်ဖြာအကဲဖြတ်ချက်ကို ဘယ်လိုလုပ်သလဲ။

ခွဲခြမ်းစိတ်ဖြာအကဲဖြတ်ချက်ကို `အကြားအာရုံ ဆိုင်ရာပင်မဦးနောက်၏ တုန့်ပြန်မှု စစ်ဆေးခြင်း´ လို့ခေါ်ပါတယ်။ ရှေးဦး စမ်းသပ်မှုမှာ အသုံးပြုခဲ့တဲ့ အာရုံခံကိရိယာ လေးကိုပဲ ကလေးရဲ့ ခေါင်းမှာ တပ်ပါမယ်။ နားကြပ်ကနေတစ်ဆင့် ကလေးကို အသံတွေဖွင့်ပြပါမယ်။ အဲဒီအသံတွေအပေါ် ကလေးရဲ့ တုန့်ပြန်ပုံတွေကို မှတ်တမ်းတင် ထားပါမယ်။ အဲဒီတုန့်ပြန်မှုတွေဟာ ကလေးက ကြားနိုင်တဲ့ အပျော့ဆုံးအသံတွေ ဖြစ်ပါတယ်။

## စစ်ဆေးအကဲဖြတ်ချက်ပြုလုပ်ပြီးရင် ဘာဖြစ်မလဲ။

အကြားအာရုံပညာရှင်က ရလာဒ်တွေကို ပြောပြပါမယ်။ ပြီးရင် ရလာဒ်တွေက ဘာကို ဆိုလိုတယ်ဆိုတာ ရှင်းပြပါမယ်။ အများအားဖြင့် နေ့တွင်းချင်းပြီးပါတယ်။

သင့်ကလေးဟာ အကြားအာရုံဆုံးရှုံးနေပြီ ဆိုတာ တွေ့ရှိရင် NSW မှာရှိတဲ့ NSW ကလေးဆေးရုံ သုံးခုထဲက တစ်ခုခုရဲ့ အထူးကုဂန်ဆောင်မှုလုပ်ငန်းကို လွှဲပြောင်းပေး ပါလိမ့်မယ်။ အဲဒီဂန်ဆောင်မှုလုပ်ငန်းကို အစီရင်ခံစာတစ်ခုပို့ပါမယ်။ မိတ္တူကို သင်ရယ်၊ သင်တို့ဒေသကဆရာဂန်နဲ့ သင့်ကလေးကို ကုသတဲ့ ကလေးအထူးကုဆီကိုလည်း သင့်ရဲ့ခွင့်ပြုချက်နဲ့ ပို့ပါလိမ့်မယ်။ အကြားအာရုံ ပညာရှင်နဲ့ လူမှုအကူလုပ်သားဟာ ဂန်ဆောင်မှုတွေရရှိဖို့နဲ့ သင်နဲ့ သင့်ကလေး လိုအပ်နိုင်တဲ့ အထောက်အပံ့တွေရရှိဖို့ ကူညီပါလိမ့်မယ်။

သင့်ကလေးဟာ အကြားအာရုံပုံမှန်ရှိတယ်လို့ တွေ့ရှိပြီး နောက်ပိုင်းမှ သင့်ကလေးရဲ့ အကြားအာရုံ၊ စကားပြောဆိုမှု၊ ဘာသာစကား ဖွံ့ဖြိုးမှုတို့နဲ့ ပတ်သက်ပြီး စိုးရိမ်စရာတွေ့ရရင် သင့်ကလေးရဲ့ အကြားအာရုံကို ထပ်မံစစ်ဆေးဖို့ စီစဉ်ပါ။

သင့်ရဲ့ မိသားစုဆရာဂန်ကို ပြသတာဟာ ပထမဆုံးစလုပ်သင့်တဲ့ အလုပ်ဖြစ်ပါတယ်။ အကြားအာရုံကို အသက်အရွယ်မရွေး စမ်းသပ်စစ်ဆေးနိုင်ပါတယ်။

**နောက်ထပ် အကြောင်းအရာ ပိုပြီး သိလိုပါက အောက်ပါ ဝဘ်ဆိုက် သို့ သွား ၍ ကြည့်နိုင်ပါသည်။**

http://www.health.nsw.gov.au/kids-families

ဒေသတွင်း ဆက်သွယ်ရန်/ ချိန်းဆိုရန် အသေးစိတ်အချက်အလက်များ

ကျန်းမာရေးဆိုင်ရာအကြံဉာဏ်အတွက် *healthdirect Australia*
http://www.healthdirect.gov.au/
1800 022 222

NSW GOVERNMENT | Health

© NSW Health September 2016 SHPN (NKF) 150248